KEMENTERIAN SUMBER MANUSIA

PERKESO

# နိုင်ငံခြားသား အလုပ်သမားများအတွက် လူမှုဖူလုံရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးခြင်း





## နိုင်ငံခြားသားအလုပ်သမားများအတွက် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုဆိုင်ရာ အာမခံအစီအစဉ်

ယင်းအစီအစဉ်သည် နိုင်ငံခြားသားအလုပ်သမားများ၏ အလုပ်လုပ်ကိုင်နေစဉ် (သို့မဟုတ်) ယင်းတို့၏ အလုပ်နှင့်ဆက်စပ်၍ မတော်တဆထိခိုက်မှုတစ်ခုခု (သို့မဟုတ်) အလုပ်ခွင်ဆိုင်ရာ ရောဂါတစ်မျိုးမျိုးဖြစ်ပွားမှုတို့မှ ကာကွယ်စောင့်ရှောက်မှုပေးသည့် အစီအစဉ်ဖြစ်သည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ ၁၉၆၉ ခုနှစ်၊ အလုပ်သမားများ၏ လူမှုဖူလုံရေးအက်ဥပဒေ (အက်-၄) ပါ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုအာမခံအစီအစဉ်အရ ကာကွယ်စောင့်ရှောက်မှုရရှိနိုင်ရန် အလုပ်ရှင်များသည် မိမိတို့၏ နိုင်ငံခြားသား အလုပ်သမားများအား လူမှုဖူလုံရေးအဖွဲ့ (PERKESO) တွင် အကျုံးဝင်မှတ်ပုံတင်ပေးရန် လိုအပ်ပါသည်။

### ထည့်ဝင်ကြေးပေးသွင်းခြင်း

အာမခံအလုပ်သမားရရှိသော လုပ်ခလစာ၏ ၁.၂၅% ကို အလုပ်ရှင်မှသာ လစဉ် ပေးသွင်းရမည်

### အကျုံးဝင်ရန်သတ်မှတ်ချက်

- သက်တမ်းရှိ နိုင်ငံကူးလက်မှတ်စာအုပ် ကိုင်ဆောင်ထားသူဖြစ်ရမည်
- တရားဝင်အလုပ်လုပ်ကိုင်ခွင့်ပြုမိန့်ရှိ သူဖြစ်ရမည် (ယာယီအလုပ်အကိုင်အတွက် အလည်အပတ်ခွင့်ပြုမိန့် (PLKS)၊ အလုပ်လုပ်ကိုင်ခွင့်ပြုမိန့်၊ အထူးခွင့်ပြုမိန့်(သို့မဟုတ်)သက်ဆိုင်သည့်အထောက်အထား တစ်ရပ်ရပ်)

### မှတ်ပုံတင်ခြင်း

- (PERKESO ASSIST Portal မှတဆင့်) အွန်လိုင်းမှ မှတ်ပုံတင်ခြင်း
- PERKESO ကောင်တာများ (နိုင်ငံခြားသား အလုပ်သမားများ၏ မှတ်ပုံတင်ခြင်းဖောင်ပုံစံ/ အိမ်တွင်းအထောက်အကူပြု အလုပ်သမားများ၏ မှတ်ပုံတင်ခြင်းဖောင်ပုံစံတို့ကိုတင်သွင်းခြင်း)

## ပေးအပ်မည့် အကျိုးခံစားခွင့်များ



ဆေးကုသမှုအကျိုးခံစားခွင့်



အခြားသူတစ်ဦးဦးမှ အမြဲမပြတ်ပြုစုပေးရန် လိုအပ်မှုအတွက် ထောက်ပံ့မှုအကျိုးခံစားခွင့်



ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့်



မှီခိုသူများအတွက် အကျိုးခံစားခွင့်



ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပစ္စည်းများ



အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်



နာရေးအတွက် အကျိုးခံစားခွင့်

သေဆုံးမှုအကြောင်းအရင်းသည် အလုပ်နှင့်သက်ဆိုင်မှုမရှိသည့် ထိခိုက်မှုကြောင့်ဖြစ်ပါက နေရပ်နိုင်ငံသို့ သေဆုံးသည့် ရုပ်အလောင်း ပြန်လည်သယ်ယူခြင်းအတွက် ကုန်ကျစရိတ်အဖြစ် (လက်ရှိအခြေအနေအရ) တရားဝင်ကုန်ကျစရိတ် ပြေစာအပေါ်အခြေခံ၍ အများဆုံးရင်းဂစ် (၄,၅၀၀) အထိ ပြန်လည်ပေးအပ်ပါမည်။

**နောက်ထပ်အချက်အလက်များ သိရှိလိုပါက PERKESO Careline သို့ ဆက်သွယ်ပါ။**

Telephone: 1-300-22-8000

Email: perkeso@perkeso.gov.my